ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်

နေ့စွဲ – ၆. ၆. ၁၀

## ဘုရားသခင်၏ချစ်ခြင်း

(The Love of God, Rev. Herman Hoeksema)

(ယခင်ပတ်မှအဆက်)

နောက်ဆုံးအနေနှင့်ကျမ်းစာက ကျွန်တော်တို့ကိုချစ်သော ဘုရားသခင်၏ချစ်ခြင်း၊ ကျွန်တော်တို့က ဘုရားသခင်ကိုချစ်သောချစ်ခြင်း စသည်တို့ကိုသာမကပါ၊ ကျွန်တော်တို့နှလုံးသားများတွင် ရှိနေသော ဘုရားသခင့်ချစ်ခြင်း၏တန်ခိုးတော်ကြောင့် ကျွန်တော်တို့သည် တဦးကိုတဦး ချစ်ကြပါသည်ဟုလည်း ပြောပါသည်။ "ဘုရားသခင်ကို ချစ်သောသူသည် မိမိညီအကိုကိုလည်း ချစ်မည်" ၁ယော ၄း၁၂၊ နောက်တခါ "သင်တို့ သည် တဦးကိုတဦးချစ်ကြလော့၊ဆိုသည့် ပညတ်တော်အသစ်ကိုငါပေးမည်"ဟုလည်းပြောခဲ့ပါသည်၊ ယောဟန် ၁၃း ၃၄။ အဘယ်ကြောင့်ဆိုသော် "မိမိညီအကိုကို ချစ်သောသူသည် အလင်း၌နေသူဖြစ်သည်" ၁ယော ၂း၁၀။ ထို့အပြင် ဘုရားသခင်၏သားသမီးတို့နှင့် နတ်ဆိုး၏သားသမီးတို့သည် ကွဲပြားခြားနားစွာအသက်ရှင်ကြပါ သည်၊ ၎င်းခြားနားချက်မှာ ဘုရားသခင်သားသမီးတို့က မိမိညီအကိုကို ချစ်ကြသည်၊ မိမိညီအကိုကို မချစ် သောသူသည် ဘုရားသခင့်လူမဟုတ်၊ ဤတရားစကားကို သင်တို့သည် အစကထဲက ကြားခဲ့ပြီးဖြစ်သည်၊ ကျွန်တော်တို့သည် တဦးကိုတဦး ချစ်ကြရမည်ဖြစ်သည်။ ဤသို့အသက်ရှင်ခြင်းအားဖြင့် ကျွန်တော်တို့သည် သေခြင်းမှ အသက်ရှင်ခြင်းသို့ ရောက်ရှိကြပြီဟု သတိရကြသည်၊ ထို့ကြောင့် မိမိညီအကိုတို့ကို ချစ်ကြသည်၊ အဘယ်ကြောင့်ဆိုသော် မိမိညီအကိုကို မချစ်သောသူသည် သေခြင်း၌နေသူဖြစ်သည်၊ ၁ယော ၃း၁၀၊၁၁၊ ၁၄။ ချစ်တတ်သူအားလုံးတို့သည် ဘုရားသခင်က ဖြစ်ပွားစေသူများဖြစ်ကြသည် ၁ယော ၄း၇။ တစုံတဦးက သူသည် ဘုရားသခင်ကိုချစ်သည်ဟုပြောနေသော်လည်း၊ သူ့ညီအကိုကိုမုန်းလျှင် သူသည် လိမ်ညာနေသူဖြစ် သည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်ကိုချစ်သူသည် သူ့ညီအကိုကိုလည်း ချစ်သည်ဟူသည့်ပညတ် တော်သည် ကျွန်တော်တို့ထံ၌ အစကထဲကရှိနေခဲ့သည်၊ ၁ယော ၄း၂၁။ ထို့ကြောင့် ကျွန်တော်တို့သည် ဘုရားသခင့်ချစ်ခြင်း၏ ကြွယ်ဝခြင်းအားလုံးနှင့်လှုပ်ရှားပုံအကျယ်အဝန်းကို သေချာစွာ သဘောပေါက်လိုလျှင် အောက်ပါအချက်များကို အမြဲတမ်းမှတ်မိရပါမည်၊–

၁။ ဘုရားသခင်က သူ့ကိုယ်သူချစ်သော ချစ်ခြင်း။

၂။ ဘုရားသခင်က ကျွန်တော်တို့ကိုချစ်သော ချစ်ခြင်း။

၃။ ကျွန်တော်တို့ထဲမှာရှိနေသော ဘုရားသခင်၏ချစ်ခြင်း၊ ထိုချစ်ခြင်းကြောင့် ဘုရားသခင်က ကျွန်တော်တို့ ကိုချစ်ပါသည်ဟု သိရခြင်း။

၄။ ကျွန်တော်တို့ထဲမှာရှိနေသောဘုရားသခင့်ချစ်ခြင်း၊ ထို့ကြောင့် ကျွန်တော်တို့ကသူ့ကိုပြန်၍ချစ်နိုင်ခြင်း။

၅။ ကျွန်တော်တို့ထဲမှာရှိနေသောဘုရားသခင့်ချစ်ခြင်း၊ ထို့ကြောင့် မိမိတို့ညီအကိုများကိုချစ်နိုင်ခြင်း။

ထိုအရာအားလုံးတို့သည် ဘုရားသခင့်ချစ်ခြင်း ပေါ်ထွက်လာပုံနှင့်လှုပ်ရှားလုပ်ကိုင်ပုံ ဖြစ်ပါသည်။ ချစ်ခြင်းသည် အမြဲတမ်း ဘုရားသခင့်ထံမှဖြစ်ပါသည်။ ဘုရားသခင့်ထံတော်တွင်ရှိသောအချစ်ဖြစ်စေ၊ ကျွန်တော်တို့ထံ ထားတော်မူသောအချစ်ဖြစ်စေ၊ ကျွန်တော်တို့အထဲတွင်ရှိသော ဘုရားသခင်ကိုပြန်ချစ်နိုင်သည့် ချစ်ခြင်းဖြစ်စေ၊ ကျွန်တော်တို့ထဲတွင်ထားပေးတော်မူ၍ ညီအကိုတို့ကိုချစ်နိုင်သောချစ်ခြင်းဖြစ်စေ အားလုံးသည် ဘုရားသခင့်ထံတော်မှ လာကြပါသည်။

ယခုထပ်မေးရမည့်မေးခွန်းမှာ၊– ထိုဘုရားသခင်၏ချစ်ခြင်းသည် မည်သို့ ကျွန်တော်တို့ဖက်ရောက်လာသနည်း? ချစ်ခြင်းဆိုသည်မှာ ပြည့်စုံခြင်း၌တုတ်နှောင်ထားမှုဖြစ်သည်ဆိုလျှင်၊ အချစ်ခံရသူလည်း ပြည့်စုံသူဖြစ်မှရမည်ဆိုလျှင် အပြစ်သားများဖြစ်ကြသည့် ကျွန်တော်တို့ကို ဘုရားသခင် မည်သို့ချစ်နိုင်သနည်း? ထိုဘုရားသခင်၏ချစ်ခြင်း မည်သို့ ပေါ်ထွက်လာပါသနည်း? ကျွန်တော်တို့ကခံစားနိုင်ရန်၊ ဘုရားသခင်ကို ထိုချစ်

ခြင်းဖြင့် ပြန်ချစ်နိုင်ရန်၊ တဦးကိုတဦးလဲ ချစ်နိုင်ရန်၊ ထိုဘုရားသခင်၏ချစ်ခြင်းသည် ကျွန်တော်တို့အထဲ၌ မည်သို့အကောင်အထည်ပေါ်လာသနည်း?

ပထဆုံးကျွန်တော်တို့ နားလည်ရမည်မှာ၊ ဘုရားသခင်သည် သူ့လူများကို ထာဝရချစ်ခြင်းဖြင့်၊ ထာဝရကာလမှ ထာဝရကာလတိုင် ချစ်တော်မူပါသည်ဆိုသည့်အချက်ကိုဖြစ်သည်။ "ထာဝရဘုရားသည် အဝေးကထင်ရှား၍ မိန့်တော်မူသည်ကား၊ အကယ်စင်စစ် ထာဝရမေတ္တာနှင့်သင့်ကို ငါချစ်၏၊ ထို့ကြောင့် ဂရုဏာကျေးဇူးကို သင်၌ ကြာမြင့်စွာပြု၏" ယေ ၃၁း၃။ "ထာဝရဘုရား၏ဂရုဏာတော်မူကား၊ ကြောက်ရွံ့သောသူတို့အပေါ်သို့ ကာလအစဉ်အဆက် သက်ရောက်တတ်၏၊ သူ၏ဖြောင့်မတ်တော်မူခြင်းသည် သားစဉ်မြေးဆက်တိုင်အောင် တည်တော်မူ၏" ဆာလံ ၁၀၃း၁၇။ ယာကုပ်ကို ဘုရားသခင်သည် ထာဝရကာလမှနေ၍ ချစ်ပါသည်၊ ထိုအကြောင်းကို ရေဗက္ကထံသို့ ပြောပြတော်မူပါသည်၊ "ကလေးတို့မမွေးဖွားမှီ၊ ကောင်းခြင်းဆိုးခြင်းတခုမှမလုပ်မှီ၊ ရွေးကောက်ခြင်းအားဖြင့်ထားတော်မူသော ဘုရားသခင့်ရည်ရွယ်ချက်ပြည့်စုံရန်"ဟု ပြောပါသည် ရောမ ၉း၁၁-၁၃။ ထို့အပြင် သူ ကြိုတင်သိတော်မူသောသူတို့ကို၊ ဘုရားသခင်နှင့်ဆိုင်သော လက်တွေ့ဖြစ်ပျက်ခြင်းကိုဖြစ်စေသော၊ ထာဝရအသိပညာနှင့်ဆိုင်သော ချစ်ခြင်းဖြင့်၊ သူ၏သားတော်၏ပုံသဏ္ဍာန်တော်နှင့် တူညီဖို့ရန် ကြိုတင်ခွဲခန့်မှတ်သားလျှက်၊ ထိုသူတို့ကို ဘုရားသခင်က ခေါ်တော်မူပါသည်၊ ဖြောင့်မတ်စေပါသည်၊ ဘုန်းတော်သို့ဝင်ရောက်စေတော်မူသည်၊ ရောမ ၈း၂၉၊၃၀။ ထို့အပြင် ဘုရားသခင်သည် ကျွန်တော်တို့ကို ကောင်းကင်ဘုံနှင့်ဆိုင်သောအရပ်တို့၌ ဝိညာဉ်ရေးနှင့်ဆိုင်သောကောင်းချီးမင်္ဂလာတို့ဖြင့် သခင်ခရစ်တော်ထံတွင် ကောင်းချီးပေးတော်မူပါသည်။ ကျွန်တော်တို့သည် သူ၏ရှေ့တော်၌ အပြစ်တင်စရာမရှိ၊ သန့်ရှင်းနေကြရန်အတွက် ဤကမ္ဘာမတည်မရှိမှီကပင် ကျွန်တော်တို့ကို သခင်ခရစ်တော်၌ ရွေးကောက်ထားတော်မူသည့်အတိုင်း ကောင်းချီးပေးခြင်းဖြစ်သည်၊ ဖေက် ၁း၃၊၄။ ချစ်ခြင်းအားဖြင့် ကျွန်တော်တို့ကို သူ၏သားသမီးများဖြစ်ရန် သခင်ယေရှုခရစ်တော်၌ မွေးစားတော်မူခြင်းဖြစ်သည်၊ သူ၏အလိုဆန္ဒတော်၏ကျေနပ်မှုအတိုင်း ပြုတော်မူသည်၊ ဖေက် ၁း၅။ ဤအချက်ကလည်း၊ ချစ်ခြင်းဆိုသည်မှာ ကျွန်တော်တို့က ဘုရားသခင်ကို စ၍ချစ်သည်မဟုတ်၊ ဘုရားသခင်က ကျွန်တော်တို့ကိုချစ်ခြင်းဖြစ်သည်၊ ချစ်ခြင်းအားလုံးသည် ဘုရားသခင့်ထံမှသာလာပါသည် ဆိုသည့်အချက်ကို ပို၍ထောက်ခံနေပါသည်။

## မပြောင်းလဲသောအချစ်

ထို့အပြင် ဘုရားသခင်သည် ပြောင်းလဲခြင်းမရှိသောဘုရားဖြစ်သည်၊ ထို့ကြောင့် သူ၏အချစ်သည်လည်း ထို့အတူဖြစ်သည်။ ဘုရားသခင်သည် ဒီနေ့ကျမှ တစုံတဦးကို မချစ်ပါ၊ သူ၏အချစ်သည် ထာဝရကာလမှအချစ်ဖြစ်သည်။ ထိုအချက်သည် မိမိ၏ဘုရားဖြစ်တော်မူခြင်းအတွင်း မိမိကိုယ်ကိုချစ်ခြင်းသာလျှင်မကပါ၊ သခင်ယေရှုခရစ်တော်၌ သူ့လူများကိုချစ်သောအချစ်သည်လည်း ထို့အတူဖြစ်ပါသည်။ ဘာကိုဆိုလိုပါသနည်း? ပထမအနေနှင့် ဘုရားသခင်သည် ထာဝရကာလမှနေ၍ မိမိကိုယ်ကိုဖွင့်ပြတော်မူရန် အလိုတော်ရှိသည်၊ လူသားစကားလုံးနှင့်ပြောရလျှင်၊ ဘုရားသခင်သည် သူ၏ မြင့်မားလှသော ဖြစ်တည်မှုနှင့် အသက်ရှင်မှုဖြစ်သည့် သူ၏ချစ်ခြင်းကို ဖေါ်ထုတ်ပြသရန် အလိုတော်ရှိခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ ဒုတိယအနေနှင့် သူသည် ထာဝရကာလမှနေ၍ မိမိ၏ဘုရားဖြစ်ခြင်းသဘာဝအရ၊ အစိုးရတော်မူစွာ၊ လူတစုကို သူသဘောကျနှစ်သက်ဖို့၊ ချစ်ဖို့ သိတော်မူပါသည်။ ထိုလူတစုကလည်း သူ၏ချစ်ခြင်းကို မြည်းစမ်းရန်၊ အသိအမှတ်ပြုလာကြရန်၊ သူ့ထံ၌ပျော်မွေ့သဘောကျကြရန် အလိုရှိကြပါသည်။ ထို့ကြောင့် တတိယအနေနှင့်၊ သူသည် ထိုလူတစုကို မိမိ၏အကြံအစည်တော်၌ ရှိလာစေတော်မူသည်၊ မိမိသည်ပြည့်စုံသည့်အတိုင်း ထိုသူတို့ကိုလည်း ပြည့်စုံစေပါသည်၊ အဘယ်ကြောင့်ဆိုသော် ချစ်ခြင်းဆိုသည်မှာ ပြည့်စုံခြင်းနှင့်တုတ်နှောင်ခြင်း ဖြစ်သောကြောင့်ဖြစ်သည်။ ထို့အပြင် ဘုရားသခင်သည် မပြည့်စုံသောသူ၊ အပြစ်သား၊ ပျက်ဆီးနေသူကို မချစ်ပါ။ စတုတ္ထအနေနှင့်၊ သူသည် ထာဝရကာလကပင် သူ၏လူတစုကို သိတော်မူပါသည်။ မပြည့်စုံသော လူတစုအနေနှင့်မဟုတ်ပါ၊ အပြစ်နှင့်ကျေးဇူးတော်လမ်းဆိုသည့် နက်နဲသောလမ်းကြောင်းနှင့်ဖြစ်သော်လည်း၊ ပြည့်စုံသောလူတစုအနေနှင့်ဖြစ်သည်။ ဘုရားသခင်သည် မိမိ၏ချစ်ခြင်းကို ပို၍ခန်းနားစွာ ဖေါ်ထုတ်ရန်၊ မိမိလူများက ထိုကောင်းချီးမင်္ဂလာပြည့်ဝလှသော ချစ်ခြင်းကို ပို၍ပြည့်စုံစွာ၊ ပို၍နက်ရှိုင်းစွာ မြည်းစမ်းခံစားနိုင်ကြရန်၊ ထာဝရအကြံအစည်တော်တွင် ဆုံးဖြတ်တော်မူပါသည်။ ဘုရားသခင် မိမိ၏ထာဝရအကြံအစည်တော်

တွင် ဆုံးဖြတ်သည်မှာ မိမိ၏လူများသည် အပြစ်ထဲသို့ကျဆုံးခြင်းလမ်းကြောင်း၊ ကျေးဇူးတော်၏တန်ခိုးစွမ်းအားလမ်းကြောင်းမှနေ၍ အမြင့်ဆုံးသောပြည့်စုံခြင်းသို့ ရောက်ကြဖို့ဖြစ်သည်။ ထို့ကြောင့် သူတို့သည် ထာဝရကာလကပင် သူ၏ရှေ့တော်မှောက်တွင် ရှိနေကြပြီးဖြစ်ပါသည်။ သူ၏ ဘုရားနှင့်ဆိုင်သော အကြံအစည်တော်တွင် ဆိုးညစ်ပျက်ဆီးနေသူများအဖြစ်ရှိသည်မဟုတ်၊ အတော်အတန် ပြည့်စုံသူများအဖြစ်လဲမဟုတ်၊ တကယ့်ပြည့်စုံသောအဖြစ်နှင့်၄င်း၊ ကယ်တင်ခြင်းခံပြီးသူများအနေနှင့်၄င်း၊ ကမ္ဘာကြီးထဲမှ ကယ်နုတ်ခြင်း ခံရပြီးသူတို့အဖြစ်နှင့်၄င်း၊ ဘုရားသခင်မှမွေးစားခြင်းကို ခံကြရသူများအနေနှင့်၄င်း၊ သူတို့အပြစ်များအားလုံးမှ ဆေးကြောပေးခြင်းခံရကြပြီးသူများအနေနှင့်၄င်း၊ ခေါ်တော်မူခြင်းခံကြရသူများ၊ ဖြောင့်မတ်သူများ၊ သန့်ရှင်းသူများ၊ ချီးမြှောက်ခြင်းခံရပြီးသူများအနေနှင့်၄င်း ရှိနေကြခြင်းဖြစ်သည်။ ၄င်းကို ရောမ ၈း၂၉–၃၀ တွင်ပြောပြထားသည်။ ထို့ကြောင့် ထိုဘုရားသခင်၏ချစ်ခြင်းကို ခံကြရသူများသည်ရွေးကောက်ခံရသူတို့သာဖြစ်သည်၊ သူတို့တစုတည်းကသာ ခံကြရပါသည်။ လူတိုင်းကမခံရပါ၊ ဘုရားသခင်၏ရွေးကောက်ခြင်းခံကြရသူတို့သာ ဘုရားသခင့်ချစ်ခြင်းကို ခံကြရပါသည်။ ထိုအချက်က မည်သည်ကိုဆက်ပြောသနည်းဆိုသော်၊ ဘုရားသခင်သည် ထာဝရကာလကပင် သူ၏လူများကို သခင်ယေရှုခရစ်တော်ထဲ၌ မြင်တော်မူခြင်းဖြစ်ကြောင်းဖြစ်သည်။ သခင်ယေရှုခရစ်တော်ကို သူတို့၏ဦးခေါင်းအဖြစ်နှင့် မြင်တော်မူသည်။ သူ့ကို ထိုအတွက် ခန့်ထားတော်မူသည်၊ သူ့ထံ၌ မိမိလူများကို ပေးထားတော်မူသည်။ ထိုသို့ ဘုရားသခင့်လူများ၏အကြောင်းနှင့် ဘုရားသခင့်ချစ်ခြင်း၏ အချစ်ခံရသူများအကြောင်းကို ကျွန်တော်တို့ သဘောပေါက်ကြသည့်အခါ၊ ကျွန်တော်တို့သည် ချစ်ခြင်းဆိုသည်မှာ ပြည့်စုံခြင်းဖြင့်တုတ်နှောင်ထားခြင်းဖြစ်ကြောင်း၊ ချစ်ဖို့ရန် ပြည့်စုံသော ချစ်မည့်သူ၊ ပြည့်စုံသော အချစ်ခံရသူတို့ လိုအပ်ကြောင်း၊ သို့သော် ဘုရားသခင်သည် သူ့လူများကို ချစ်နိုင်ကြောင်း၊သူ့လူများကိုယ်၌က အခြားသူများနည်းတူ၊ အပြစ်သားများ၊ အမျက်တော်ကိုခံထိုက်ကြသူများ ဖြစ်ကြသော်လည်း ချစ်နိုင်ကြောင်းကို သိနားလည်လာနိုင်ပါမည်။ “ဘုရားသခင်သည် ယာကုပ်ထံတွင် အပြစ်ကိုမမြင်ပါ၊ ဣသရေလထံ၌လည်း လွဲမှားခြင်းကို မမြင်ပါ၊ သူ၏ဘုရားသခင်သည် သူနှင့်အတူ ရှိတော်မူသည်၊ ရှင်ဘုရင်၏ ဟစ်အော်သံကို သူတို့ကြားတွင် ကြားရပါသည်” တောလည် ၂၃း၂၁ (ဆရာယုဒသန်၏ ကျမ်းစာတွင် ဤသို့မတွေ့ရပါ)။ ဘုရားသခင်သည် သူရွေးကောက်တော်မူသောသူတို့ကို သိပါသည်၊ သူတို့သည် သခင်ခရစ်တော်၌ ထာဝရကာလကပင် ပြည့်စုံသူများအဖြစ်နှင့်မြင်တော်မူသည်။ အပြစ်တရားလမ်းကြောင်း၊ သေခြင်းတရားလမ်းကြောင်းမှတဆင့်ပြည့်စုံကြမည်ဟု မြင်တော်မူပါသည်။ သူတို့သည် ထာဝရကာလမှပင် မပြောင်းလဲနိုင်သော ဘုရားသခင့်ချစ်ခြင်းက ချစ်ရသူများဖြစ်ကြပါသည်။

မျက်မှောက်ကမ္ဘာ့သမိုင်း

ထို့ကြောင့် လူသမိုင်းကြောင်းတခုလုံး၏ အဓိကဖြစ်စဉ်သည်၊ ဘုရားသခင်က သူ့လူများကို သခင်ယေရှုခရစ်တော်၌ ချစ်တော်မူရသည့်အကြောင်း ထုတ်ဖေါ်ပြသနေသောဖြစ်စဉ်၊ အကောင်ထည်ဖေါ်နေသောဖြစ်စဉ်ကြီးသာဖြစ်ပါသည်။ ဘုရားသခင်က ပထမဆုံးလူသား အာဒံကို ဖန်ဆင်းသည့်အခါ၊ မိမိ၏အသင်းတော်ကို ဖန်ဆင်းပါသည်၊ ထို့ကြောင့် အာဒံ၏ကိုယ်ခန္ဓာထဲတွင် အသင်းတော်တခုလုံးကို လွယ်ထားပါသည်။ လူသားဇာတိကိုခံယူမည့် ခရစ်တော်တော့ မပါပါ။ အာဒံ အပြစ်နှင့်သေခြင်းထဲသို့ ကျဆုံးသောအခါ၊ အသင်းတော်သည် သူ့အထဲမှကျဆုံးပါသည်။ ပထမဆုံးလူသားအာဒံ၏အသွေးအသားမှတဆင့်အသင်းတော်သည် ဆိုးညစ်ခြင်း၊ ပျက်ဆီးခြင်းတို့ထဲသို့ ရောက်သွားပါသည်။ ထို့သို့ဖြင့် အချိန်ပြည့်စုံသောအခါ၊ သခင်ခရစ်တော်သည် ပေါ်လာနိုင်ခြင်းဖြစ်သည်။ အသွေးအသားအရ သူသည်လည်း အာဒံ၏သားတယောက်ဖြစ်သည်။ သို့သော် အပြစ်နှင့်ပျက်ဆီးခြင်းတို့တော့ သူ့ထံတွင် ပါမလာပါ။ ထိုသို့ဖြစ်ရခြင်းသည် မသန့်ရှင်းသောအရာက သန့်ရှင်းသောအရာကို မွေးထုတ်နိုင်၍ မဟုတ်ပါ၊ ကျေးဇူးတော်၏အံ့သြစရာကောင်းမှုကြောင့်သာဖြစ်ပါသည်၊ ဘုရားသခင့်သားတော်၏ ပုဂ္ဂိုလ်(Person)သည် အသွေးအသားကို မိမိအပေါ် ယူတင်ဝတ်ဆောင်သောအခါ၊ လူသားမျိုးနွယ်၏ အပြစ်ရှိမှု မပါရအောင် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ပေးမှုနှင့် လာရောက်ခြင်းဖြစ်သည်။ ဝိညာဉ်တော်က ထိုသားတော် လူ့ဇာတိခံရန် ပဋိသန္ဓေစွဲယူသည့်အခါ၊ လူသားမျိုးနွယ်၏ဆိုးညစ်ခြင်းများ စွန်းထင်းမသွားရန် ကာကွယ်ပေးတော်မူခြင်းဖြစ်သည်။

ပါရာဒိသုဘုံ(ဒေင်)တွင် အသင်းတော်သည် အာဒံကိုယ်ထဲ၌ အပြစ်နှင့်သေခြင်းသို့ ကျဆုံးခဲ့ပါသည်။ သို့သော် ထိုသို့ဖြစ်ခြင်းသည် ဘုရားသခင့် ထာဝရအကြံအစည်တော်အတိုင်းဖြစ်ပါသည်။ ဘုရားသခင်သည် သူ၏ချစ်ခြင်းကို အစိုးရတော်မူသော၊ လွတ်လပ်သော၊ ဘုရားနှင့်သာဆိုင်သော ချစ်ခြင်းအဖြစ် ဖေါ်ထုတ်ရန် အလိုတော်ရှိပါသည်။ စင်ကြယ်သောအချစ်သည် သူ၏အချစ်သာဖြစ်တော်မူကြောင်း ထုတ်ဖေါ်ပြသချင်ပါသည်။ ထို့ကြောင့် မိမိ၏ထာဝရအကြံအစည်တော်အတိုင်း သူ့လူများကို ခေတ္တခဏ အပြစ်နှင့်သေခြင်းထဲသို့ ရောက်စေတော်မူသည်၊ သို့သော် မိမိ၏ချစ်ခြင်းဖြင့် သူတို့ကို ပြန်ရှာတော်မူသည်၊ စကားပြောတော်မူသည်၊ ချစ်ခြင်းကတိတော်ကို သူတို့ထံ ဖွင့်ပြတော်မူသည်၊ ၎င်းသည် ကယ်တင်ခြင်းကတိတော်ဖြစ်သည်။ သူတို့ကို သီးခြားခွဲထုတ်တော်မူသည်။ သခင်ခရစ်တော်အားဖြင့် ပေါ်ထွက်လာမည့် သူ၏ကယ်တင်တော်မူသောချစ်ခြင်း၏ ကြွယ်ဝခြင်းအလုံးစုံတို့ကို ကြိုတင်၍ပြသတော်မူပါသည်။ ယဇ်ပူဇော်ခြင်းများ၊ ယဇ်ပရောဟိတ်မင်းများ၊ ယဇ်ပလ္လင်တော်များ စသည့် ဓမ္မဟောင်းကာလ၏ နိမိတ်ပုံများအရိပ်သင်္ကေတများမှနေ၍ ဖေါ်ပြတော်မူခြင်းဖြစ်သည်။ နောက်ဆုံးတွင် အချိန်ကာလပြည့်စုံခြင်း ရောက်လာပါသည်။ ထိုအချိန်ကာလပြည့်စုံခြင်းသည် ဘုရားသခင်၏ထာဝရချစ်ခြင်းကို အဓိကထုတ်ဖေါ်ပြသတော်မူချိန်ဖြစ်သည်။ ထိုအချိန်သည် ကောင်းကင်ဘုံထက်မှ အလင်းတော် မြေကမ္ဘာပေါ်သို့ လှပစွာ အရောင်တလက်လက်ဖြာကျနေသလိုဖြစ်ပါသည်။ ၎င်းကို မောခွေလ၊ ဘုရားသခင်သည် ငါတို့နှင့်ရှိတော်မူသည်၊ ဘုရားသခင်၏သားတော် အသွေးအသားကို ယူတင်ဝတ်ဆောင်ခြင်းအဖြစ်၌ ဘုရားသခင်က ဖေါ်ထုတ်ပြသတော်မူသည်။ ထိုချစ်ခြင်းကိုဘုရားသခင်သည် ကရာနီကုန်းပေါ်ရှိ သွေးအလိမ်းလိမ်းဖြစ်သော တိုင်ပေါ်တွင် ပြတော်မူပါသည်။ ထိုနေရာတွင် ဘုရားသခင့် ချစ်ခြင်းသည် ပေါ်ထွက်နေပါသည်၊ ဘုရားသခင်သည် သူ၏သားတော်ကို ဤကမ္ဘာပေါ်သို့ စေလွှတ်ပါသည်၊ ကျွန်တော်တို့၏သေခြင်းထဲသို့ စေလွှတ်ခြင်းဖြစ်သည်။ ကျွန်တော်တို့၏အပြစ်များကို ကြေအေးပေးဖို့ စေ လွှတ်ခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် သူ၏ထာဝရချစ်ခြင်းဖြင့် သူချစ်ရသောသူများဖို့ အရောက်လှမ်း လာပါသည်၊ ဤလောက၏ အနက်ရှိုင်းဆုံးသောနေရာ၊ အနက်ဆုံးသောငရဲတွင်းထဲသို့ ဖြစ်ပါသည်။ဂေါလဂေါ သတောင်ကုန်းပေါ်မှ၊ အမှောင်ထုထဲမှနေ၍၊ လူဇာတိထဲရောက်နေသော သူ၏သားတော်က “အကျွန်ုပ်၏အ ဖ၊ အကျွန်ုပ်၏အဖ၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူရသနည်း?”ဟု ဟစ်အော်သည့်အခါ ထိုအ နက်ဆုံးသောငရဲအထိ ကျွန်တော်တို့ကို ကယ်တင်ဖို့ အရောက်လှမ်းလာခဲ့ခြင်းဖြစ်ပါသည်။ ထို သူ၏သား တော်၏သေခြင်းဖြင့် ဘုရားသခင်သည် ကျွန်တော်တို့၏အပြစ်များအတွက် မိမိကိုယ်တိုင် ယဇ်ပူဇော်ပေးခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ မည်သည့်အခါတွင်မျှ မယူလာနိုင်သောအရာ၊ ယူလာဖို့လဲ စိတ်ကူးပင်မရှိသောအရာဖြစ်ပါသည်။ သူ့သားတော်၏သေခြင်းဖြင့် ဘုရားသခင်သည် ကျွန်တော်တို့နှင့် ရန်ကိုငြိမ်းတော်မူပါသည်။ ဆိုလိုသည်မှာ အသင်းတော်တခုလုံး၊ မည်သည့်ခေတ်တွင်မဆိုရှိသောအသင်းတော်၊ ရွေးကောက်ခြင်းခံရသူများအားလုံး၊ သခင်ခရစ်တော်ထံ၌ ခမည်းတော်က မိမိ၏အတွက် ပေးထားသောသူအားလုံး၊ ဘုရားသခင်က သူတို့အားလုံးကို သားတော်၏အသွေးတော်ဖြင့် ဖြောင့်မတ်စေတော်မူပါသည်။ ထို့အပြင် ဘုရားသခင်သည် သူ၏ချစ်ခြင်းကို ဆက်လက်၍ပြသတော်မူပါသည်၊ ၎င်းမှာ သူ၏သားတော်၏ သေခြင်း၏တွင်းနက်ထဲသို့ လှမ်း၍ သားတော်ကို သေခြင်းမှ ပထမဆုံးထမြောက်ခြင်းအသီးအပွင့်အဖြစ် ထမြောက်စေလျှက်၊ ဘုန်းအသရေတော်ကို ပေးအပ်တော်မူခြင်း၊ ထာဝရအသက်ကိုပေးတော်မူခြင်း ဖြစ်သည်။ သူ့ကို ကောင်းကင်သို့တိုင် ချီးမြှောက်တော်မူ၍၊ မိမိလက်ျာတော်ဖက်၌ ထိုင်စေခြင်းဖြင့် ချီးမြှောက်တော်မူပါသည်။ ကျွန်တော်တို့၏ သခင်ယေရှုခရစ်တော်သည် ဘုရားသခင့်ချစ်ခြင်းကို ဖွင့်ပြတော်မူခြင်း၏ အမြင့်မားဆုံးဖွင့်ပြချက်၊ ဗဟိုဖြစ်သောဖွင့်ပြချက် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် အပြစ်သားများဖြစ်နေစဉ်တွင်ပင် သူသည် ကျွန်တော်တို့အတွက် အသေခံပေးတော်မူပါသည်။ သူ၏သေခြင်းဖြင့် ဘုရားသခင်သည် ကျွန်တော်တို့ကို သူ့ထံသို့ ပြန်လည်လက်ခံတော်မူပါသည်။ အရင်က ကျွန်တော်တို့သည် သူ့ရန်သူများဖြစ်ခဲ့ကြသည်။

ဤအပြစ်အပျက်ကို အခြားသောပုံစံနှင့် ပြ၍မဖြစ်ပါ။ ဘုရားသခင်က ကျွန်တော်တို့လို အပြစ်သားများဖြစ်သည့် သူ၏လူများကို ချစ်ရခြင်းသည် သခင်ခရစ်တော်၏ အသေခံပေးခြင်း၏ ရလဒ်ဖြစ်ကြောင်း ဘယ်တော့မှ မပြောရပေ။ သခင်ခရစ်တော်၏အလုပ်ကြောင့် ဘုရားသခင်က ကျွန်တော်တို့ကို ချစ်သည်တော့

မှန်ပါသည်။ သို့သော် သခင်ခရစ်တော်လုပ်ပေးသောအလုပ်များသည် ထာဝရချစ်ခြင်းကို ပေါ်ပြသောအရာများ၊ ထာဝရချစ်ခြင်းမှ စီးထွက်လာသည်များသာဖြစ်ကြပါသည်။ မှန်ပါသည်၊ သခင်ခရစ်တော်၏အလုပ်၏ကောင်းမြတ်မှုများကြောင့် ကျွန်တော်တို့သည် ဖြောင့်မတ်ခြင်းအခြေအနေသို့ ပြောင်းသွားကြပါသည်၊ ထိုသို့ပြောင်းမှသာ ဘုရားသခင်၏ချစ်ခြင်း၏ အချစ်ခံရသောသူများဖြစ်လာနိုင်ကြပါမည်။ ကျွန်တော်တို့၏အပြစ်များကို မခြေဖျက်မချင်း၊ ဘုရားသခင်၏ထာဝရချစ်ခြင်းနှင့် ကျွန်တော်တို့နှလုံးသားများကြားတွင် ထိုအပြစ်တို့သည် ဖေါက်ထွင်းကျော်ဖြတ်၍မရနိုင်သော ကန့်လန့်ကာအဖြစ်ရှိနေပါသည်။ လက်ဝါးကပ်တိုင်ပေါ် အသေခံခြင်း၊ သခင်ယေရှု၏ရှင်ပြန်ထမြောက်ခြင်းဖြင့် ထိုကန့်လန့်ကာသည် ထိုးဖေါက်ခြင်းကိုခံရပါတော့သည်၊ လုံးလုံးဖယ်ရှားလိုက်ပြီ၊ အဘယ်ကြောင့်ဆိုသော် ၄င်းသည် ကျွန်တော်တို့အပြစ်များကို ခြေဖျက်ခြင်း ဖြစ်သောကြောင့်ဖြစ်ပါသည်။ သို့သော် ထိုကန့်လန့်ကာကို ဖယ်ရှားပစ်လိုက်သော ဘုရားသခင်၏ချစ်ခြင်းသည် သခင်ယေရှုအားဖြင့် ကျွန်တော်တို့ထံ ရောက်ရှိလာပါသည်။ အမျက်တော်ပြည့်နေသော ဘုရားသခင်အနေနှင့် မဟုတ်တော့ပါ၊ အဘယ်ကြောင့်ဆိုသော် သခင်ယေရှုက ကြေအေးစေပြီ၊ ပြန်လည်သင့်မြတ်စေခဲ့ပြီ ဖြစ်သည်။ ထိုမှခြားနားစွာ ထာဝရချစ်ခြင်းဖြင့်ဖြစ်သည်။ ကျွန်တော်တို့ သခင်ယေရှုခရစ်တော်အားဖြင့် ထို ချစ်ခြင်းကို ပေါ်ထွက်စေလျှက်၊ ရောက်ရှိလာစေပါသည်။ ထိုခရစ်တော်က ကျွန်တော်တို့ကို ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်စေပြီဖြစ်သည်။ ဘုရားသခင်က တပါတီ၊ အမျက်ဒေါသမုန်းတီးခြင်းများ အပြည့်နှင့်၊ ခရစ်တော်သည် နောက်တပါတီ၊ ကျွန်တော်တို့ဖက်၌ရပ်တည်လျှက်၊ ဘုရားသခင့်အမျက်ဒေါသကို လျှော့ပေါ့စေလျှက်၊ ထိုပုံစံမျိုးဖြင့်မလာပါ။ သို့သော် ဘုရားသခင်သည် သူ၏ပါတီဖြစ်လျှက်၊ ထာဝရချစ်ခြင်းဖြင့်၊ သူ၏နာမတော်အဖို့အလို့ငှာ သူ၏လူများကို အပြစ်နှင့်သေခြင်းမှ ကယ်တင်ရန် ခရစ်တော်ဖြင့် လာရောက်သူဖြစ်ပါသည်။ ထို့ကြောင့် ကရာနိတောင်ကုန်းပေါ်ရှိလက်ဝါးကပ်တိုင်ပေါ်တွင် ဘုရားသခင်၏ချစ်ခြင်းသည် ခရစ်တော်အားဖြင့် ပေါ်ထွက်လျှက်ရှိပါသည်။

မိမိလူများထံရှိဘုရားသခင်၏ချစ်ခြင်း

သို့သော် ထိုမျှနှင့်မလုံလောက်သေးပါ။ ယခုချိန်ထိ ဘုရားသခင်၏ချစ်ခြင်းကို သူ့အထဲ၌ရှိနေပုံ၊ သူထံသို့ ပြန်ရောက်ပုံကိုသာ ပြောနေကြပါသေးသည်။ ထို့အပြင် ထိုဘုရားသခင်၏ချစ်ခြင်းသည် သူ၏အထဲ၌ သူ ၏လူများထံသို့လည်း ကမ္ဘာမတည်မရှိမှီကပင် ရှိနေကြောင်းကိုလဲ သိအောင်ပြောခဲ့ကြပြီဖြစ်သည်။နောက်ဆုံး တွင် သခင်ခရစ်တော်၏ လူ့ဇာတိခံယူခြင်း၊ အသေခံခြင်း၊ သေခြင်းမှထမြောက်ခြင်းတို့ဖြင့် ဖေါ်ပြသော မိမိ လူတို့၌ရှိသည့် ဘုရားသခင့်ချစ်ခြင်းကြောင်းကိုလဲ ပြောခဲ့ကြပြီဖြစ်သည်။ သို့သော် ကျွန်တော်တို့ထဲ၌ရှိနေ သော ဘုရားသခင့်ချစ်ခြင်း၊ တဦးနှင့်တဦးကြားထားရမည့်ချစ်ခြင်းအကြောင်း ပြောရပါဦးမည်။ အဘယ် ကြောင့်ဆိုသော် ထိုအရာတို့သည် ကျွန်တော်တို့ထဲတွင် ရှိနေသည့် ဘုရားသခင့်ချစ်ခြင်း၊ ကျွန်တော်တို့ထံမှ တဆင့် သူ့ထံသို့၎င်း၊ အခြားသူများထံသို့၎င်း ရောက်သောချစ်ခြင်းလည်းဖြစ်ပါသည်။ ထိုအရာ မည်သို့ဖြစ် လာသနည်း? ကျွန်တော်တို့ မည်သို့မြည်းစမ်းကြရသနည်း? ကျွန်တော်တို့ထံသို့ဖြစ်သော ဘုရားသခင့်ချစ် ခြင်းကို မည်သို့တွေ့ကြုံခံစားကြရသနည်း? ကျွန်တော်တို့ သူ့ကို မည်သို့ ချစ်ကြသနည်း? ဘုရားသခင်သည် ထိုချစ်ခြင်းကို အပြစ်သားများအပေါ်၌ထားတော်မူသော ချစ်ခြင်းအဖြစ်ဖြင့်သာ ဖေါ်ပြတော်မူပါသလား?ဧဝံဂေလိဟောခြင်းတွင် ထိုအချစ်ကို ကြားသူတိုင်းရစေ ဆိုသည့်ပုံစံနှင့် ကြေညာပါသလား? တိုင်းတာ၍ မရနိုင်သော ထိုချစ်ခြင်းကို ဟောကြားသောအခါ၊ ကြားရသောအပြစ်သားသည် စိတ်နှလုံးထဲထိတွေ့ကာ၊ သဘောကျလျှက်၊ ဘုရားသခင်ကိုချစ်ဖို့ရာ သွေးဆောင်ခံရပါသလား? ထိုသို့သောပြောဆိုချက်ကို ဘုရားသခင့်ချစ်ခြင်းအကြောင်း နားထောင်ကောင်းအောင် ဟောကြားသူတို့ထံမှ အမြဲကြားရတတ်ပါသည်။ ဘုရားသခင်က သင့်ကို အံ့ဩဖွယ်ချစ်ပါသည်၊ ခင်ဗျားသူ့ကို ပြန်မချစ်ဖူးလား? သို့သော် ထိုသို့ပြောဆိုခြင်းသည် အမှန်မဟုတ်ပါ။ အမှန်မှာဤသို့ဖြစ်ပါသည်၊ ချစ်ခြင်းသည် ပြည့်စုံခြင်းဖြင့်တုတ်နှောင်ခြင်းဖြစ်ပါသည်။ ပြည့်စုံသောချစ်သူ၊ ပြည့်စုံသောအချစ်ခံရသူ လိုအပ်ပါသည်။ ဘုရားသခင်၊ ထာဝရပြည့်စုံသောချစ်သူသည်၊ သူ၏ထာဝရအကြံအစည်တော်ထဲ၌ ချမှတ်သိမြင်သည့်၊ သခင်ယေရှုခရစ်တော်ထံ၌ ထာဝရပြည့်စုံနေသည့် သူ့လူများကို ချစ်တော်မူသည်။ သို့သော် ထိုလူများသည် သူတို့ကို ပြည့်စုံစေရန် လုပ်မပေးမချင်း၊ ထိုဘုရားသခင်၏ချစ်

ခြင်းကို မခံစားနိုင်ကြပါ၊ ခံစားဖို့လဲ အလိုမရှိကြပါ။ သူတို့သည် သဘာဝအားဖြင့် ပျက်ဆီးနေကြသူများဖြစ်ကြပါသည်၊ ဆိုလိုသည်မှာ သူတို့၏စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်အစွမ်းသတ္တိရှိသမျှနှင့် သူတို့သည် ဘုရားသခင်နှင့်ရန်ငြိုးဖွဲ့ကြသူများ၊ ဆန့်ကျင်ကြသူများ ဖြစ်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ဇာတိစိတ်နှလုံးသည် ဘုရားသခင်နှင့် ဆန့်ကျင်ရန်ငြိုးဖွဲ့နေပါသည်။ ဘုရားသခင်၏ပညတ်တော်ကို မလိုက်ချင်ပါ၊ လိုက်လဲမလိုက်နိုင်ပါ၊ ရောမ ၈း၅–၈။ ကျွန်တော်တို့သည် ဘုရားသခင်ထံ၌ မပျော်ကြပါ။ သူ့ကို ကောင်းမြတ်သူ၊ ပြည့်စုံသူဟု လက်မခံကြပါ။ သူ့ကို မုန်းကြပါသည်။ သူ့ကို ကျွန်တော်တို့ မရှာကြပါ။ သူ့ထံမှ ပြေးကြပါသည်။ သို့သော် ဘုရားသခင်သည် ကိုယ်ကျင့်တရားဖြောင့်မတ်ပြည့်စုံသူအဖြစ်နှင့် မိမိကိုယ်ကို သခင်ခရစ်တော်၌ဖွင့်ပြတော်မူပါသည်။ သူသည် မိမိချစ်ခြင်းကို လက်ဝါးကပ်တိုင်နှင့်ရှင်ပြန်ထမြောက်ခြင်းတွင် ပေါ်ထွက်လာစေပါသည်။ သို့သော် ထိုချစ်ခြင်းသည် ကယ်တင်သော၊ ကယ်လွှတ်သော၊ ပြည့်စုံစေသော ချစ်ခြင်းဖြစ်ပါသည်။ သဘာဝအားဖြင့် ကျွန်တော်တို့သည် အပြစ်ကိုချစ်ကြပါသည်။ ပြည့်စုံခြင်းကို မုန်းကြပါသည်။ အပြစ်၏ညစ်ညူးခြင်းမှ ကယ်လွှတ်ခံရခြင်းကို မလိုချင်ကြပါ။ ထို့ကြောင့် သူ့ကို ကျွန်တော်တို့ မလိုချင်ကြပါ၊ သူက မိမိကိုယ်ကို သခင်ယေရှုခရစ်တော်၏မျက်နှာတော်မှတဆင့် ဖေါ်ပြနေသော်လည်း မလိုချင်ကြပါ။ ဘုရားသခင်ကို မုန်းသောသူသည် သူ၏ခရစ်တော်ကိုလဲ မုန်းပါသည်၊ နောက်တကြိမ်ပြန်၍လက်ဝါးကပ်တိုင်တင်ဦးမည်ဖြစ်သည်။

ထို့ကြောင့်၊ နောက်ဆုံးအနေနှင့် သခင်ခရစ်တော်ထံ၌ ပေါ်ထွက်လာသော ထိုဘုရားသခင့်ချစ်ခြင်း ၏ တန်ခိုးတော်က ကျွန်တော်တို့နှလုံးသားများထဲသို့ ဝင်ရောက်ကာ၊ ချစ်ခြင်း၏နှောင်ကြိုးများနှင့်တုတ်နှောင် လျှက်၊ အပြစ်ဆိုသော ညစ်ညမ်းခြင်းနွံထဲမှနေ၍ သူ၏ပြည့်စုံခြင်းမိတ်သဟာယဖွဲ့ခြင်းထဲသို့ ဆွဲထုတ် ရောက်ရှိစေပါသည်။ ချီးမြှောက်ခြင်းကိုခံရသောသခင်ခရစ်တော်သည် ဝိညာဉ်တော်ကို လက်ခံရရှိပါသည်။ ထိုဝိညာဉ်တော်မှနေ၍ ခရစ်တော်သည် သူ့အသင်းတော်သို့ ပြန်လာပါသည်။ သူတို့ထံ၌နေတော်မူလျှက်၊ သူ တို့အထဲ၌လှုပ်ရှားတော်မူပါသည်။ ထိုဝိညာဉ်တော်အားဖြင့် သခင်ခရစ်တော်သည် ကျွန်တော်တို့ထံဒုတိယ မွေးခြင်း(အသစ်ပြုပြင်ခြင်း)ကို ပြုလုပ်ပေးပါသည်။ သေခြင်းမှရှင်ပြန်ထမြောက်သည့် သူ၏ပြည့်စုံသောအ သက်ကို ပါဝင်ဆက်ဆံနိုင်ကြသူများ ဖြစ်စေပါသည်။ ထိုဝိညာဉ်တော်အားဖြင့် ကျွန်တော်တို့၏မျက်စိများကို ပွင့်လင်းစေလျှက် မြင်လာစေပါသည်၊ ကျွန်တော်တို့နားများကို ကြားလာစေပါသည်၊ ထို့နောက် ကျွန်တော်တို့ ကို သူ၏နှုတ်ကပတ်တော်ဖြင့် ခေါ်တော်မူပါသည်။ ထိုဝိညာဉ်တော်အားဖြင့် ကျွန်တော်တို့သည် တဖက်တွင် မိမိတို့အပြစ်၏ဒုက္ခဆင်းရဲခြင်းများ၊ ဘုရားသခင်နှင့်ရန်ဖက်ဖြစ်နေခြင်းများကို သိမြင်ကြကာ၊ နောက်တဖက်တွင်လည်း ကျွန်တော်တို့သည် သခင်ခရစ်တော်၌ မိမိပြည့်စုံခြင်း၏ အလုံးစုံသောလှပမှုကို ဖေါ်ပြသော အသက်ရှင်တော်မူသည့်ဘုရားသခင်အား ဝတ်မွတ်တောင့်တနိုင်ကြသူများအဖြစ် ပြုလုပ်ပေးခြင်းကို ခံကြရပါသည်။ ထိုဝိညာဉ်တော်ကပင် ကျွန်တော်တို့ကို လက်ဝါးကပ်တိုင်သို့ ဦးဆောင်ခေါ်သွားခြင်းဖြစ်သည်။ ထိုနေရာ၌ ဘုရားသခင့်ချစ်ခြင်းကို လက်တွေ့ခံယူနိုင်ကြရန်ဖြစ်သည်။ အပြစ်မှခွင့်လွှတ်ခံရခြင်း၊ ဖြောင့်မတ်ခြင်းနှင့်ထာဝရအသက်တို့ကို လက်ခံရရှိစေပါသည်။ သခင်ခရစ်တော်၌ရှိသောဘုရားသခင့်ချစ်ခြင်းကို ကျွန်တော်တို့ နှလုံးသားများထဲသို့စီးဝင်စေသူသည်လည်း ဝိညာဉ်တော်ပင်ဖြစ်ပါသည်၊ ထို့ကြောင့် ဘုရားသခင်က ကျွန်တော်တို့ကို ထာဝရချစ်ခြင်းဖြင့် ချစ်တော်မူကြောင်း သိနားလည်လျှက် မြည်းစမ်းနိုင်ကြခြင်းဖြစ်သည်။ ထိုဝိညာဉ်တော်ကပင် ပြည့်စုံသောချစ်ခြင်းဖြစ်သည့် ဘုရားသခင့်ချစ်ခြင်း၏တန်ခိုးတော်ကို ကျွန်တော်တို့ထဲ၌ လှုပ်ရှားအသက်ဝင်စေခြင်းဖြစ်သည်၊ ထိုသို့ဖြင့် ကျွန်တော်တို့သည် ဘုရားသခင်ကို ချစ်လာကြသည်၊ သူ့ထံနေရခြင်းကို ပျော်မွေ့လာကြသည်၊ သူ့ကို ရှာကြသည်၊ သူ့ကို တောင့်တကြသည်၊ သူ့ကို ကျေနပ်စေချင်ကြသည်။ ထို့ကြောင့် ဤလောကထဲမှ၊ အပြစ်၏ပျက်ဆီးခြင်းထဲမှ ထွက်ပြေးကာ၊ သူ၏ပညတ်တော်များအတိုင်း ဘာမဆိုလုပ်ကိုင်ကြပါသည်။ ထိုချစ်ခြင်း၏တန်ခိုးအားဖြင့် ကျွန်တော်တို့သည် အလင်းထဲတွင်လျှောက်လှမ်းအသက်ရှင်ကြပါသည်။ ထိုအလင်းထဲတွင် ကျွန်တော်တို့သည် ဘုရားသခင်နှင့်သာမက အချင်းချင်းလဲ မိတ်သဟာယဖွဲ့ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ထဲတွင်ရှိသော ဘုရားသခင်၏ချစ်ခြင်းသည်၊ တဦးကိုတဦးချစ်သောချစ်ခြင်းဖြစ်လာသောကြောင့်ဖြစ်ပါသည်။ ကျွန်တော်တို့ တဦးကိုတဦး ချစ်ကြ

သည့်အခါ၊ ဘုရားသခင်၏ချစ်ခြင်းသာဖြစ်နေပါသေးသည်၊ ပြည့်စုံခြင်း၏တုတ်နှောင်မှုသာ ဖြစ်နေပါသေးသည်၊ အသွေးအသားအားဖြင့် ချစ်ကြသည်မဟုတ်၊ သခင်ခရစ်တော်၏ဝိညာဉ်တော်အတိုင်း ချစ်ကြပါသည်။ အမြင့်ဆုံးသောဘုရားသခင်၏သားသမီးများအနေနှင့် ဘုရားသခင့်ပြည့်စုံခြင်းကို ရောင်ပြန်ထင်ဟပ်လျှက်ချစ်ကြပါသည်။ ထို့ကြောင့် ကမ္ဘာလောကကြီးက ကျွန်တော်တို့ကို မသိနားမလည်နိုင်ကြပါ၊ သို့သော် ကျွန်တော်တို့ကတော့ အချင်းချင်းသိကြပါသည်။ ထို့ကြောင့် ယုံကြည်သူညီအကိုတို့ကြားရှိသည့် ချစ်ခြင်းသည် ပြည့်စုံခြင်း၏တုတ်နှောင်မှုအဖြစ်၊ ဘုရားသခင့်အလင်းတော်ထဲ အသက်ရှင်ကြသူများ၊ သူ၏ပညတ်တော်များကို ကျင့်သုံးလိုက်နာသူများအကြား၌သာ ပေါ်ထွက်နိုင်ပါသည်။ ထို့အတွက်ကြောင့် ဘုရားသခင်ကကျွန်တော်တို့ကို ချစ်သောချစ်ခြင်း၊ ကျွန်တော်တို့က ဘုရားသခင်ကိုပြန်ချစ်သောချစ်ခြင်း စသည်တို့ကို မပြည့်မစုံနှင့်သာ ခံစားကြရပါသေးသည်။ ထို့ကြောင့် ညီအကိုချင်းကြားရှိသောချစ်ခြင်းသည်လည်း မပြည့်စုံနိုင်သေးပါ။ သို့သော် အပြစ်ဆိုသောအမိုက်မှောင် ကုန်ဆုံးသည့်အခါ၊ ကျွန်တော်တို့သည် ဘုရားသခင်နှင့်ခမည်းတော်ရှေ့မှောက်သို့ အစွန်းထင်းမဲ့၊ အပြစ်တင်ခွင့်မရှိသောအဖြစ်နှင့် ပို့ချင်းကို ခံကြရဦးမည်ဖြစ်ပါသည်။ ထိုအခါ၊ ကျွန်တော်တို့ကို သိသကဲ့သို့၊ ကျွန်တော်တို့ကလည်း ပြန်သိနိုင်မည်ဖြစ်ပါသည်။ ဘုရားသခင်နှင့် မျက်နှာချင်းဆိုင် တွေ့မြင်ကြရပါဦးမည်။ ထိုအခါ ဘုရားသခင့်ချစ်ခြင်းသည် ကျွန်တော်တို့ထဲတွင် ပြည့်စုံမည်ဖြစ်သည်။ ကျွန်တော်တို့လဲ သူ၏ထာဝရတဲတော်အထဲ၌ ထာဝရကျေနပ်သဘောကျမှုနှင့်အမြဲနေကြတော့မည် ဖြစ်ပါသည်။။။။